
mgyoe.com



# စရိတ်၊ လစာနှင့် ချီးမြှင့်ငွေ ဥပဒေများ

ကျော်မောင်မောင်

mgyoe.com

mgyoe.com



စရိုက်၊ လစာနှင့်ချီးမြှင့်ငွေ ဥပဒေများ

ဗိုးခွင်းကြယ်
ဥပဒေစာအုပ်

LAW0002
1,500.00 KS

mgyoe.com

| | | |
|---|---|---|
| စာအုပ်အမည် | - | စရိုက်၊ လစာနှင့် ရိုးမြှင့်ငွေ ဥပဒေများ |
| စာရေးသူ/စီစဉ်သူ | - | ကျော်မောင်မောင် |
| ထုတ်ဝေသူ | - | ဒေါ်အိဝတ်ရည်ထွန်း၊ DUTY (ဂျူတီ) စာပေ (ဝ၂ဝ၇၇)<br>အမှတ်(၄၉၉)၊ ဓ-လွှာ(က)၊ မွှာရုံလမ်း၊<br>(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | - | ဦးစန်းဦး၊ SKCC Press(ဝဝ၄၁၃)<br>၆၇၊ ၁၆၄ လမ်း၊ တာမွေ။<br>၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၇၀၀ ကျပ် |

mgyoe.com

mgyoe.com

# မာတိကာ

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊စရိတ်နှင့်
အဆောင်အယောင်များဆိုင်ရာဥပဒေ ၉

နိဒါန်း ၉

အခန်း(၁) ၁၁
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

အခန်း(၂) ၁၃
ချီးမြှင့်ငွေ

အခန်း(၃) ၁၆
စရိတ်

အခန်း(၄) ၁၈
အဆောင်အယောင်

အခန်း(၅) ၂၅
အထွေထွေ



mgyoe.com

mgyoe.com

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏
ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေ ၃၂

နိဒါန်း ၃၂

အခန်း(၁) ၃၄
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

အခန်း(၂) ၃၆
ချီးမြှင့်ငွေ

အခန်း(၃) ၃၈
စရိတ်

အခန်း(၄) ၄၀
အဆောင်အယောင်

အခန်း(၅) ၄၅
အထွေထွေ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ
ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ချီးမြှင့်ငွေ၊
စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေ ၅၁

နိဒါန်း ၅၁

အခန်း(၁) ၅၃
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

အခန်း(၂) ၅၅



mgyoe.com

mgyoe.com

ချိုးမြှင့်ငွေ

အခန်း(၃) ၅၇
စရိတ်

အခန်း(၄) ၅၉
အဆောင်အယောင်

အခန်း(၅) ၆၁
အထွေထွေ

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏ချီးမြှင့်ငွေ၊
စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေ ၆၇

နိဒါန်း ၆၇

အခန်း(၁) ၆၉
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

အခန်း(၂) ၇၁
ချိုးမြှင့်ငွေ

အခန်း(၃) ၇၂
စရိတ်

အခန်း(၄) ၇၄
အဆောင်အယောင်

အခန်း(၅) ၇၇
အထွေထွေ

mgyoe.com

mgyoe.com

## ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ နှင့် စရိတ်များဆိုင်ရာ ဥပဒေ ၇၃


နိဒါန်း ၈၃

အခန်း(၁) ၈၅
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

အခန်း(၂) ၈၈
ချီးမြှင့်ငွေ

အခန်း(၃) ၉၀
စရိတ်

အခန်း(၄) ၉၂
အထွေထွေ


## ပြင်ဆင်သည့်ဥပဒေများ


ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊စရိတ်နှင့်
အဆောင်အယောင်များဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ၉၆

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏
ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ ၉၈

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏




mgyoe.com

mgyoe.com

ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ၁၀၁

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်ကော်မတီဝင်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေ ၁၀၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကိုပြင်ဆင် သည့်ဥပဒေ ၁၀၅

ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ၁၀၇

❑



mgyoe.com

mgyoe.com


# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များ ဆိုင်ရာဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂ / ၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)


mgyoe.com

mgyoe.com


# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များ ဆိုင်ရာဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂ / ၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးလုပ်ငန်းများကို ချောမွေ့စွာဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်လာပါသည်။


mgyoe.com

mgyoe.com

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ထမ်းဆောင်ကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအား နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို သယ်ပိုးထမ်းဆောင်ကြရသည့် လုပ်ငန်းတာဝန်နှင့် လျော်ညီသော ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များကို ချီးမြှင့်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

❑


mgyoe.com

mgyoe.com


# အခန်း(၁)
# အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) ဖွဲ့စည်းပုံခြေခံဥပဒေဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ဆိုသည်မှာ ဤဥပဒေအလို့ငှာ နိုင်ငံတော်သမ္မတ၊ဒုတိယသမ္မတ၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး


mgyoe.com

mgyoe.com


အဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ဒုတိယစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်တို့ကိုဆိုသည်။

(ဂ) ချီးမြှင့်ငွေ ဆိုသည်မှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သော လစဉ်ချီးမြှင့်ငွေကို ဆိုသည်။

(ဃ) စရိတ် ဆိုသည်မှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တာဝန်ဖြင့် ခရီးသွားလာခြင်း၊ခရီးသွားလာစဉ် ရပ်နားခြင်း၊တည်းခိုနေထိုင်ခြင်းနှင့်စားသောက်ခြင်းများအတွက် ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သော စရိတ်ငွေကို ဆိုသည်။

(င) အဆောင်အယောင် ဆိုသည်မှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များထမ်းဆောင်ရသော တာဝန်နှင့်လျော်ညီစွာ ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သောအဆောင်အယောင်များကို ဆိုသည်။

❑


mgyoe.com

mgyoe.com


## အခန်း(၂)
## ချီးမြှင့်ငွေ

၃။ နိုင်ငံတော်သမ္မတသည် လစဉ်ချီးမြှင့်ငွေကျပ် သိန်းငါးဆယ် ခံစားခွင့်ရှိသည်။

၄။ ဒုတိယသမ္မတသည် လစဉ်ချီးမြှင့်ငွေ ကျပ်သိန်းလေးဆယ် ခံစားခွင့်ရှိသည်။

၅။ အောက်ပါပုဂ္ဂိုလ်များသည် လစဉ်ချီးမြှင့်ငွေကျပ် သုံးဆယ့်ငါးသိန်း ခံစားခွင့်ရှိသည် –

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်။

၆။ အောက်ပါပုဂ္ဂိုလ်များသည် လစဉ်ချီးမြှင့်ငွေကျပ် သိန်းသုံးဆယ်ခံစားခွင့်ရှိသည် –

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊


mgyoe.com

mgyoe.com


(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊

(ဂ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊

(ဃ) အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊

(င) ပြည်ထောင်စုဝန်ကြီး၊

(စ) ပြည်ထောင်စုရှေ့နေချုပ်၊

(ဆ) ပြည်ထောင်စုစာရင်းစစ်ချုပ်၊

(ဇ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ။

ဂ။ အောက်ပါပုဂ္ဂိုလ်များသည် လစဉ်ချီးမြှင့်ငွေကျပ် သိန်းနှစ်ဆယ် ခံစားခွင့်ရှိသည်–

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊

(ဃ) ဒုတိယဝန်ကြီး၊

(င) ဒုတိယရှေ့နေချုပ်၊

(စ) ဒုတိယစာရင်းစစ်ချုပ်၊

(ဆ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်။


mgyoe.com

mgyoe.com


၈။ တပ်မတော်သားဖြစ်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် ပုဒ်မ၅၊ ပုဒ်မ၆နှင့်ပုဒ်မ၇တို့ပါ မိမိနှင့်သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သားအဖြစ် ခံစားခွင့်ရှိသည့်လစာတို့အနက် မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာတစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၉။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် ဤဥပဒေပါ လစဉ်ချီးမြှင့်ငွေ ခံစားနေစဉ်အတွင်း နိုင်ငံ့ဝန်ထမ်း အငြိမ်းစားလစာကိုပါ ခံစားခွင့်ရှိသည်။သို့ရာတွင် နိုင်ငံရေးပင်စင် ခံစားခွင့် ရရှိထားသူများသည် ဤကာလအတွင်း အဆိုပါ နိုင်ငံရေးပင်စင် ကိုခံစားခွင့်မရှိစေရ။

❑


mgyoe.com

mgyoe.com



အခန်း(၃)
စရိတ်

## နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ

၁၀။ နိုင်ငံတော်သမ္မတနှင့်ဇနီးအတွက်လည်းကောင်း၊ ဒုတိယသမ္မတများနှင့် ဇနီးအတွက်လည်းကောင်း နှစ်စဉ်ဝတ်စုံစရိတ်နှင့် အခြားလိုအပ်သော အသုံးစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့က ကျခံရမည်။

၁၁။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ပြည်တွင်း၊ပြည်ပသို့ခရီးသွားလာခြင်း၊ဆေးကုသမှုခံယူခြင်းတို့နှင့် စပ်လျဉ်းသည့် စရိတ်ကို ပြည်ထောင်စုအစိုးရအဖွဲ့က ကျခံရမည်။

၁၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ မိသားစုများအတွက်ပြည်တွင်း၊ ပြည်ပ၌ဆေးကုသမှုခံယူခြင်းနှင့်စပ်လျဉ်းသည့် စရိတ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကကျခံရမည်။

## နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တည်းခိုနေထိုင်စရိတ်

၁၃။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိလျှင် တည်းခိုနေထိုင်စရိတ်ကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် နှုန်းများအတိုင်းခံစားခွင့်ရှိသည်။



mgyoe.com

mgyoe.com


၁၄။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များသည် အစည်းအဝေးတက်ရောက်ရသည့် ကိစ္စဖြစ်ပါကအဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခိုနေထိုင်စရိတ်ခံစားခွင့်ရှိသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်များသည် အစည်းအဝေးကျင်းပရာအရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ် ခံစားခွင့်မရှိစေရ။

စားသောက်စရိတ်

၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင်ကျပ် ၅၀၀၀ ခံစားခွင့်ရှိသည်။

၁၆။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် အစည်းအဝေး တက်ရောက်ရသည့် ကိစ္စဖြစ်ပါက အဆိုပါ အစည်းအဝေး ကျင်းပသည့် သတ်မှတ်ကာလအတွက်သာ စားသောက်စရိတ် ခံစားခွင့်ရှိသည်။

ခရီးစရိတ်

၁၇။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် တာဝန်အရ ခရီးသွားလာရာတွင်–

(က) ခရီးစဉ်တစ်ခုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် နှုန်းများအတိုင်း ခရီးစရိတ်ခံစားခွင့်ရှိသည်။

(ခ) အစည်းအဝေး ကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပရာ နေရာသို့ သွားလာရခြင်း အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်နှုန်းများအတိုင်း ခံစားခွင့်ရှိသည်။

❑


mgyoe.com

mgyoe.com

## အခန်း(၄)
## အဆောင်အယောင်

၁၈။ နိုင်ငံတော်သမ္မတသည် အောက်ပါတို့ကိုအဆောင်အယောင်အဖြစ် ခံစားခွင့်ရှိသည်–

(က) အိမ်တော်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်အိမ်တော်ဝန်နှင့်အိမ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ကြီးကြပ်သူတာဝန်ခံ၊ ပစ္စည်းထိန်း၊ စားဖိုမှူး၊ စားပွဲထိုး၊ ခဝါ၊ အိမ်အကူနှင့် သန့်ရှင်းရေးစသည်များ)၊

(ခ) အိမ်တော်နှင့် ယင်းအိမ်တော်ဝင်းကို ထိန်းသိမ်းစောင့်ရှောက်မှု အခမဲ့ခံစားခွင့်၊

(ဂ) အိမ်တော်ဆိုင်ရာ လိုအပ်သည့် ပရိဘောဂနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်၊

(ဃ) လုံခြုံရေးအစောင့်အရှောက်၊

(င) ကိုယ်ရံတော်အရာရှိနှစ်ဦး၊



mgyoe.com

mgyoe.com


(စ) ကိုယ်ရေးအရာရှိနှစ်ဦး၊

(ဆ) ရေအခမဲ့သုံးစွဲခွင့်၊

(ဇ) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(ဈ) ပြည်တွင်းပြည်ပခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ည) မော်တော်ယာဉ်ခြောက်စီး၊

(ဋ) ယာဉ်မောင်းခြောက်ဦး၊

(ဌ) မော်တော်ယာဉ်ခြောက်စီးအတွက်အမှန်ကုန်ကျသည့်စက်သုံးဆီ၊

(ဎ) မော်တော်ယာဉ် ခြောက်စီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့်ချောဆီ။

၁၉။ ဒုတိယသမ္မတသည် အောက်ပါတို့ကိုအဆောင်အယောင်အဖြစ် ခံစားခွင့်ရှိသည်–

(က) အိမ်တော်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်အိမ်တော်ဝန်နှင့်အိမ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ကြီးကြပ်သူ၊ တာဝန်ခံ၊ ပစ္စည်းထိန်း၊ စားဖိုမှူး၊ စားပွဲထိုး၊ ခဝါ၊ အိမ်အကူနှင့်သန့်ရှင်းရေးစသည်များ)၊

(ခ) အိမ်တော်နှင့် ယင်းအိမ်တော်ဝင်းကို ထိန်းသိမ်းစောင့်ရှောက်မှုအခမဲ့ခံစားခွင့်၊

(ဂ) အိမ်တော်ဆိုင်ရာ လိုအပ်သည့် ပရိဘောဂနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်၊


mgyoe.com

mgyoe.com

(ဃ) လုံခြုံရေးအစောင့်အရှောက်၊

(င) ကိုယ်ရံတော်အရာရှိတစ်ဦး၊

(စ) ကိုယ်ရေးအရာရှိနှစ်ဦး၊

(ဆ) ရေအခမဲ့သုံးစွဲခွင့်၊

(ဇ) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(ဈ) ပြည်တွင်းနှင့်ပြည်ပခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ည) မော်တော်ယာဉ်ငါးစီး၊

(ဋ) ယာဉ်မောင်းငါးဦး၊

(ဌ) မော်တော်ယာဉ်ငါးစီးအတွက် အမှန်ကုန်ကျသည့်စက်သုံးဆီ၊

(ဍ) မော်တော်ယာဉ် ငါးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။

၂၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့သည် အဆောင်အယောင် အဖြစ်အောက်ပါတို့ကိုခံစားခွင့်ရှိသည်–

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊

(ခ) နေအိမ်အတွက်လိုအပ်သည့် ပရိဘောဂ စရိတ်အခမဲ့၊


mgyoe.com

mgyoe.com



(ဂ) လုံခြုံရေးအစောင့်အရှောက်၊

(ဃ) ပြည်တွင်း၊ပြည်ပအခမဲ့ဆေးကုသခွင့်၊

(င) ရေအခမဲ့သုံးစွဲခွင့်၊

(စ) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(ဆ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဇ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဈ) အိမ်အကူနှစ်ဦး၊

(ည) ထမင်းချက်နှစ်ဦး၊

(ဋ) ဥယျာဉ်ထိန်းသိမ်းစရိတ်အခမဲ့၊

(ဌ) မော်တော်ယာဉ်လေးစီး၊

(ဍ) ယာဉ်မောင်းလေးဦး၊

(ဎ) မော်တော်ယာဉ်လေးစီးအတွက် တစ်စီးလျှင်စက်သုံးဆီ တစ်လ ဂါလံ ၆၀ နှုန်း၊

(ဏ) မော်တော်ယာဉ်လေးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။



mgyoe.com

mgyoe.com


၂၁။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌတို့သည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည်–

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူနှစ်ဦး၊

(ဈ) ဥယျာဉ်လုပ်သားနှစ်ဦး၊

(ည) မော်တော်ယာဉ်သုံးစီး၊

(ဋ) ယာဉ်မောင်းသုံးဦး၊

(ဌ) မော်တော်ယာဉ်သုံးစီးအတွက် တစ်စီးလျှင်စက်သုံးဆီတစ်လ ဂါလံ ၆၀ နှုန်း၊


mgyoe.com

mgyoe.com


(ဍ) မော်တော်ယာဉ်သုံးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။

၂၂။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး၊နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ဒုတိယဝန်ကြီး၊ဒုတိယရှေ့နေချုပ်၊ဒုတိယစာရင်းစစ်ချုပ်နှင့်ပြည် ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်တို့သည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည်–

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူတစ်ဦး၊

(ဈ) ဥယျာဉ်လုပ်သားတစ်ဦး၊

(ည) မော်တော်ယာဉ်သုံးစီး၊

(ဋ) ယာဉ်မောင်းသုံးဦး၊


mgyoe.com

mgyoe.com

(ဌ) မော်တော်ယာဉ်သုံးစီးအတွက် တစ်စီးလျှင်တစ်လဂါလံဖြဝနှုန်း၊

(ဍ) မော်တော်ယာဉ်သုံးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့်ချောဆီ။

❑


mgyoe.com

mgyoe.com


## အခန်း(၅)
## အထွေထွေ

၂၃။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင်ကတိသစ္စာပြုပြီးသည့်နေ့မှစ၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများသည်သက်ဆိုင်ရာ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုပြီးသည့်နေ့မှစ၍လည်းကောင်း အခြားပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့်နေ့မှစ၍လည်းကောင်း ဤဥပဒေပါ ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

၂၄။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊စရိတ်နှင့် အဆောင်အယောင်များအတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

၂၅။ ဤဥပဒေပါ ပုဂ္ဂိုလ်များနှင့် ယင်းတို့၏ ကိုယ်ရေးအရာရှိများအတွက်လစာနှင့်စရိတ်များကို သက်ဆိုင်ရာရုံးများကလည်းကောင်း၊အဆောင်အယောင်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲဇယားတွင်ဖော်ပြထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းများကလည်းကောင်း တာဝန်ယူဆောင်ရွက်ပေးရမည်။


mgyoe.com

mgyoe.com


၂၆။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများသည်–

(က) သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသည့်လစဉ်ချီးမြှင့်ငွေကိုအခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်တစ်လုံးတစ်ခဲတည်းသောနိုင်ငံရေးပင်စင်ချီးမြှင့်ငွေ၊လစဉ်နိုင်ငံရေးပငံစင်ချီးမြှင့်ငွေ၊စရိတ်နှင့် အဆောင်အယောင်တို့ကိုခံစားခွင့်ရှိသည်။

(ခ) အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေးချို့ယွင်းခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလျှင်ဖြစ်စေ၊ သက်တမ်းတစ်ခုတွင် လစ်လပ်ရာထူးအတွက် တာဝန်ပေးအပ်ခြင်းကြောင့် တာဝန်ထမ်းဆောင်ရလျှင်ဖြစ်စေ၊ ယင်းတာဝန်ထမ်းဆောင်သည့် ကာလအတွက် မိမိရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဂ) သက်တမ်းကာမပြည့်မီ ကွယ်လွန်ပါက ယင်းတို့ရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်မိသားစုနိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဃ) နိုင်ငံရေးပင်စင်တစ်ရက်ထက်ပို၍ ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိနှစ်သက်ရာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၂၇။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည်–

(က) သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စု


mgyoe.com

mgyoe.com


အစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေးချို့ယွင်းခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ သက်တမ်းတစ်ခုတွင် လစ်လပ်ရာထူးအတွက် တာဝန်ပေးအပ်ခြင်းကြောင့် တာဝန်ထမ်းဆောင်ရလျှင်ဖြစ်စေ၊ ယင်းတာဝန်ထမ်းဆောင်သည့်ကာလအတွက် မိမိရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဂ) သက်တမ်းကာလမပြည့်မီ ကွယ်လွန်ပါက ယင်းတို့ရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော မိသားစုနိုင်ငံရေး ပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဃ) နိုင်ငံရေးပင်စင် တစ်ရပ်ထက်ပို၍ ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိ နှစ်သက်ရာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၂၈။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

၂၉။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်ကပြင်ဆင်၊ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည်။ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်းမပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။

၃၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ချီးမြှင့်ငွေ၊စရိတ်၊အဆောင်


mgyoe.com

mgyoe.com


အယောင်များနှင့်စပ်လျဉ်း၍ လိုအပ်သောအမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ


mgyoe.com

mgyoe.com


နောက်ဆက်တွဲဇယား

## အဆောင်အယောင်နှင့်စပ်လျဉ်း၍တာဝန်ယူဆောင်ရွက်ပေးရမည့် အစိုးရဌာန၊အဖွဲ့အစည်းများ

| စဉ် | အကြောင်းအရာ | အစိုးရဌာန ၊ အဖွဲ့အစည်း |
|---|---|---|
| ၁။ | အိမ်တော်ဝန်နှင့်အိမ်တော်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့၏စရိတ် | နိုင်ငံတော်သမ္မတရုံး |
| ၂။ | အိမ်တော်နှင့်နေအိမ်များထိန်းသိမ်း စောင့်ရှောက်မှုပရိဘောဂနှင့်ထိန်း သိမ်းစောင့်ရှောက်မှုစရိတ် | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာန/နေပြည်တော်စည်ပင်သာ ယာရေးကော်မတီ |
| ၃။ | လုံခြုံရေးအစောင့်အရှောက် | ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ | ကိုယ်ရံတော်အရာရှိများ၏လစာနှင့် စရိတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ကိုယ်ရေးအရာရှိ၏လစာနှင့်စရိတ် | နိုင်ငံတော်သမ္မတရုံးနှင့်သက် ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း |
| ၆။ | အခမဲ့ဆေးကုသခွင့် | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | မော်တော်ယာဉ်၊ယာဉ်မောင်း။ မော်တော်ယာဉ်များတွင်အမှန် ကုန်ကျသည့်စက်သုံးဆီ၊စက်ဆီနှင့် ချောဆီဖိုးကုန်ကျစရိတ် | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၈။ | ဥယျာဉ်လုပ်သား၊အိမ်အကူနှင့် ထမင်းချက် | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန/နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| ၉။ | လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့် | အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း |
| ၁၀။ | တယ်လီဖုန်းအခမဲ့သုံးစွဲခွင့် | ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း |
| ၁၁။ | ရေအခမဲ့သုံးစွဲခွင့် | နေပြည်တော်စည်ပင်သာယာရေးကော်မတီ |


mgyoe.com

mgyoe.com


# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊၃ /၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)


mgyoe.com

mgyoe.com

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊၃ /၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးလုပ်ငန်းများကို ချောမွေ့စွာဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင်ဆောင်ရွက်ရန်ရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်လာပါသည်။

mgyoe.com

mgyoe.com


သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ထမ်းဆောင်ကြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များအားနိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို သယ်ပိုးထမ်းဆောင်ကြရသည့်လုပ်ငန်းတာဝန်နှင့်လျော်ညီသောချီးမြှင့်ငွေ၊စရိတ်နှင့်အခြေခံအဆောင်အယောင်များကို ချီးမြှင့်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

❑



mgyoe.com

mgyoe.com


## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်–

(က) ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များဆို သည်မှာ ဤဥပဒေအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ် တော်ဒုတိယဥက္ကဋ္ဌ၊တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဝန်ကြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊တိုင်းဒေသကြီး သို့မဟုတ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၊


mgyoe.com

mgyoe.com



တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတို့ကို ဆိုသည်။

(ဂ) ချီးမြှင့်ငွေ ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ ခံစားခွင့်ရှိသည့် ဤဥပဒေတွင်သတ်မှတ်သော လစဉ်ချီးမြှင့်ငွေကို ဆိုသည်။

(ဃ) စရိတ်ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ တာဝန်အရ ခရီးသွားလာခြင်း၊ခရီးသွားလာစဉ်ရပ်နားခြင်း၊တည်းခိုနေထိုင်ခြင်းနှင့်စားသောက်ခြင်းများအတွက် ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သောစရိတ်ငွေကို ဆိုသည်။

(င) အဆောင်အယောင် ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ ထမ်းဆောင်ရသော တာဝန်နှင့် လျော်ညီစွာ ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သော အဆောင်အယောင်များကို ဆိုသည်။

❑



mgyoe.com

mgyoe.com


## အခန်း(၂)
## ချီးမြှင့်ငွေ

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် လစဉ်ချီးမြှင့်ငွေကျပ်သိန်း. သုံးဆယ် ခံစားခွင့်ရှိသည်။

၄။ အောက်ပါပုဂ္ဂိုလ်များသည် လစဉ်ချီးမြှင့်ငွေကျပ် သိန်းနှစ်ဆယ် ခံစားခွင့်ရှိသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်။


mgyoe.com

mgyoe.com


၅။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နှင့်တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် တရားလွှတ်တော်တရားသူကြီးတို့သည် လစဉ်ချီးမြှင့်ငွေကျပ် တစ်ဆယ်သိန်း ခံစားခွင့်ရှိသည်။

၆။ တပ်မတော်သားဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များသည် ပုဒ်မ၃ နှင့် ၄ တို့ပါ မိမိနှင့်သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေ နှင့် တပ်မတော်သားအဖြစ် ခံစားခွင့်ရှိသည့် လစာတို့အနက်မှ မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာတစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၇။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ခန့်ထားခြင်းခံရသောတပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးသည် ပုဒ်မ၄ပါ မိမိနှင့်သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သားအဖြစ် ခံစားခွင့်ရှိသည့် လစာတို့အနက် မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာတစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် ဤဥပဒေပါ လစဉ်ချီးမြှင့်ငွေ ခံစားနေစဉ်အတွင်း နိုင်ငံ့ဝန်ထမ်းအငြိမ်းစားလစာကိုပါ ခံစားခွင့်ရှိသည်။သို့ရာတွင်နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိထားသူများသည် ဤကာလအတွင်း အဆိုပါနိုင်ငံရေးပင်စင်ကို ခံစားခွင့်မရှိစေရ။

❑


mgyoe.com